# အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူတို့နှင့်စပ်လျဉ်းသည့်

# လုပ်ငန်းစည်းမျဉ်းများ

## အခန်း ၁ ယေဘုယျပြဋ္ဌာန်းချက်များ

### အပိုင်း (၁) ရည်ရွယ်ချက်

၁။ ဤလုပ်ငန်းစည်းမျဉ်းများကို အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာလုပ်ငန်းစည်းမျဉ်းများ၊ အပိုင်း (၂)၊ အပိုဒ် (၁) ပါ ပြဋ္ဌာန်းချက်များအရ စတော့အိပ်ချိန်း၏ အရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်သူများနှင့်စပ်လျဉ်းသည့် လိုအပ်သောကိစ္စရပ်များအတွက် ပြဋ္ဌာန်းလိုက်သည်။

၂။ ဤလုပ်ငန်းစည်းမျဉ်းများ၏ အသေးစားပြင်ဆင်ချက်များမှအပ မည်သည့်ပြင်ဆင်ချက်ကို မဆို ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်သာ ပြင်ဆင်ရမည်။

### အပိုင်း (၂) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ

အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူဆိုသည်မှာ အိပ်ချိန်းဈေးကွက်တွင် ငွေချေး သက်သေခံလက်မှတ်များရောင်းဝယ်ခြင်းကိုဆောင်ရွက်ရန် အရည်အချင်းပြည့်မီသည့် အဖွဲ့ အစည်းတစ်ခုဖြစ်သည်။

### အပိုင်း (၃) သင့်တင့်မျှတသောဈေးနှုန်းတည်ရှိခြင်းနှင့် လုပ်ငန်းအဆင်ပြေချောမွေ့စေခြင်းတို့ ကို သေချာအောင်လုပ်ဆောင်ခြင်း

အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူတစ်ဦးသည် အိပ်ချိန်းဈေးကွက်၌ သင့်တင့် မျှတသောဈေးနှုန်းတည်ရှိခြင်းနှင့် လုပ်ငန်းအဆင်ပြေချောမွေ့စေခြင်းတို့ကို သေချာစေရန် ဘဏ္ဍာရေးဆိုင်ရာစာချုပ်စာတမ်းများလဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းကို မြှင့်တင်ကြိုးပမ်း ဆောင်ရွက်ရမည်။

## အခန်း ၂ အရောင်းအဝယ်ပြုလုပ်ခွင့်ကို ရယူခြင်း

### အပိုင်း (၄) အရောင်းအဝယ်ပြုလုပ်ခွင့်ရရှိရန် လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း

၁။ အရောင်းအဝယ်ပြုလုပ်ခွင့်ရရှိလိုသောအဖွဲ့အစည်းသည် အိပ်ချိန်းမှ သတ်မှတ်ထားသည့် အရောင်းအဝယ်ပြုလုပ်ခွင့်ရရှိရန် လျှောက်လွှာကို အိပ်ချိန်းသို့ တင်ပြလျှောက်ထားရမည်။

၂။ အိပ်ချိန်းသည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ပုဒ်မ (၂၃)၊ ပုဒ်မခွဲ (က) မှ (ဂ) ပါ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်တစ်မျိုးမျိုးကို ကိုင်ဆောင်ရရှိထားသည့် သို့မဟုတ် အရောင်းအဝယ်ပြုလုပ်ခွင့်ရရှိသည့်နေ့ရက်မတိုင်ယင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ကိုင်ဆောင်ထားသည်ဟု ယူဆရပြီး အိပ်ချိန်း၍ ဖော်ပြထားသည့် စစ်ဆေးမှုများတွင် သတ်မှတ်ထားသောအရည်အချင်းနှင့် ကိုက်ညီသည်ဟု ထင်မြင်ယူဆရသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုခုမှ အရောင်းအဝယ်ပြုလုပ်ခွင့်လျှောက်ထားပါက ခွင့်ပြုချက်ပေးရမည်။

၃။ အိပ်ချိန်းသည် အထက်အပိုဒ်ပါအရောင်းအဝယ်ပြုလုပ်ရန် ခွင့်ပြုသည့်နေ့ရက်ကို သတ်မှတ်ဖော်ပြရမည်။

## အပိုင်း (၅) အရောင်းအဝယ်ပြုလုပ်ခွင့်ရရှိရန် စည်းမျဉ်းများ သတ်မှတ်ဆောင်ရွက်ခြင်း

၁။ အိပ်ချိန်းသည် အထက်ပါပြဋ္ဌာန်းချက်၊ အပိုဒ် (၂) အရ ခွင့်ပြုချက်ပေးသည့်အခါ ခွင့်ပြုချက်ရရှိသူကို ဝင်ခွင့်အခကြေးငွေပေးသွင်းစေခြင်း၊ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူနှင့် သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူက အာမခံငွေတင်သွင်းခြင်း၊ ရန်ပုံငွေနှင့် အပေါင်ပစ္စည်းတို့ကို စာရင်းရှင်းလင်းခြင်းနှင့် အိပ်ချိန်းမှ လိုအပ်သည်ဟု ထင်မြင်ယူဆသော အခြားလုပ်ထုံးလုပ်နည်းများကို အထက်အပိုဒ် (၃) ပါ ပြဋ္ဌာန်းချက်အရ အိပ်ချိန်းမှ ခွင့်ပြုသည့်နေ့ရက်မတိုင်မီ (ထိုနေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ၎င်းရက်နှင့် အနီးကပ်ဆုံး ရုံးဖွင့်ရက်၊ အလားတူကိစ္စရပ်များအတွက် အလားတူကျင့်သုံးရမည်) ဆောင်ရွက်ရမည်။

၂။ ဝင်ခွင့်အခကြေးငွေကို အိပ်ချိန်း၏စည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြရမည်။

၃။ ခွင့်ပြုချက်ရရှိသည့် လျှောက်ထားသူသည် အထက်အပိုဒ် (၁) ပါ အိပ်ချိန်းမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို အထက်ပါပြဋ္ဌာန်းချက်၊ အပိုဒ် (၃) ပြဋ္ဌာန်းချက်များပါ နေ့ရက်မတိုင်မီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက အိပ်ချိန်းသည် ခွင့်ပြုထားသည့်လျှောက်ထားမှုကို ရုပ်သိမ်းဘိသကဲ့သို့ မှတ်ယူရမည်။

**အပိုင်း (၆) အရောင်းအဝယ်ပြုလုပ်ခွင့်ရရှိသည့်နေ့ရက်**

ခွင့်ပြုချက်ရရှိသည့်လျှောက်ထားသူသည် အထက်အပိုဒ် (၁) ပါ ပြဋ္ဌာန်းချက်တွင် အိပ်ချိန်းမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ပါက အပိုင်း (၄)၊ အပိုဒ် (၃) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အိပ်ချိန်းက သတ်မှတ်ထားသောနေ့ရက်တွင် လျှောက်ထားသူအား အရောင်းအဝယ်ပြုလုပ်ရန် ခွင့်ပြုရမည်။

**အခန်း ၃ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ၏ တာဝန်ဝတ္တရားများ**

**အပိုင်း (၇) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူက သဘောတူစာချုပ်ချုပ်ဆိုခြင်း**

အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အိပ်ချိန်းမှ သတ်မှတ်ထားသော အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူဆိုင်ရာသဘောတူညီချက်ကို စတော့အိပ်ချိန်းနှင့် အပြီးသတ်လက်မှတ်ရေးထိုးချုပ်ဆိုရမည်။

**အပိုင်း (၈) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ၏ကိုယ်စားလှယ်**

အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အိပ်ချိန်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအတွက် ၎င်း၏ကိုယ်စားဆောင်ရွက်ရန် ဒါရိုက်တာများအနက် သင့်လျော်သည်ဟု ထင်မြင်သည့် ပုဂ္ဂိုလ်တစ်ဦးအား ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားရှိရမည်ဖြစ်ပြီး ယင်းသို့ ခန့်အပ်ထားကြောင်း အိပ်ချိန်းသို့ အကြောင်းကြားရမည်။

## အပိုင်း (၉)  ဒါရိုက်တာ သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် ကြီးကြပ်ဆောင်ရွက်ခြင်း

၁။ အခြားအဖွဲ့အစည်းတစ်ခုနှင့် ဒါရိုက်တာတို့၏ လုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် ကြီးကြပ်ဆောင်ရွက်ခြင်းသည် အများယုံကြည်လက်ခံနိုင်မှုမရှိသည့်အခါ သို့မဟုတ် အိပ်ချိန်းဈေးကွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အိပ်ချိန်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းသတ်မှတ်ချက်များအရ သင့်လျော်မှုမရှိဟု ထင်မြင်ယူဆသည့်အခါတွင်ဖြစ်စေ ထိုသို့ဆောင်ရွက်ခြင်းကို ပြောင်းလဲရန် ကျိုးကြောင်းဖော်ပြချက်တင်ပြ၍ စစ်ဆေးစီရင်မှုခံယူရန် အိပ်ချိန်းသည် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ပြုလုပ်သူထံ တောင်းဆိုနိုင်သည်။ သို့ရာတွင် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူမှ ရှင်းလင်းချက်များ တင်ပြ၍ စစ်ဆေးစီရင်ခြင်းကိုလည်း ပြန်လည်ဆောင်ရွက်နိုင်သည်။

၂။ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ကြားနာစစ်ဆေးခြင်းကို တက်ရောက်ခြင်းမရှိခဲ့ပါက အိပ်ချိန်းသည် အထက်အပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း ပြောင်းလဲမှုပြုရန် တောင်းဆိုနိုင်သည်။

၃။ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာ အရေးယူခြင်း သို့မဟုတ် စည်းမျဉ်းများအရအရေးယူခြင်းကိုခံယူရမည်ဖြစ်ကြောင်း ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ (၁၀) ရက်အတွင်း အိပ်ချိန်းသို့ စာဖြင့်ရေးသားကန့်ကွက်လွှာကို ကျိုးကြောင်းဖော်ပြချက်နှင့်အတူ တင်သွင်းနိုင်သည်။

၄။ အိပ်ချိန်းသည် အထက်ပါစာပိုဒ်အရ ကန့်ကွက်လွှာကို လက်ခံရရှိပြီးနောက် သင့်လျော်သည်ဟု ယူဆသည့်အတိုင်း အထက်အပိုဒ် (၁) အရ တောင်းဆိုချက်ကို ချက်ချင်း ပြောင်းလဲရမည် သို့မဟုတ် ပယ်ဖျက်ရမည်။

## အပိုင်း (၁၀)   နှစ်ဖက်ညှိနှိုင်းဆက်သွယ်ရေးရုံး

အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အိပ်ချိန်းမှ ပေးပို့သည့် အကြောင်းကြားစာများကို လက်ခံရန် အိပ်ချိန်းနှင့်ဆက်သွယ်ရန် လွယ်ကူအဆင်ပြေသော နေရာတွင်တည်ရှိသည့် ရုံးချုပ် သို့မဟုတ် ၎င်း၏ရုံးခွဲများထဲမှ ရုံးခွဲတစ်ခုခုကို နှစ်ဖက်ညှိနှိုင်း ဆက်သွယ်ရေးရုံးအဖြစ် သတ်မှတ်ထားရမည်။

## အပိုင်း (၁၁)   အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူက   ဝန်ဆောင်ခများပေးသွင်းခြင်း

အရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်သူသည် အိပ်ချိန်း၏စည်းမျဉ်းများအရ အရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်ခွင့်အတွက် သတ်မှတ်ထားသည့် ဝန်ဆောင်ခများကို ပေးဆောင်ရမည်။

## အပိုင်း (၁၂)   အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူက အာမခံကြေးပေးသွင်းခြင်း

၁။ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည်  အိပ်ချိန်း၏လုပ်ငန်းစည်းမျဉ်းများတွင် သတ်မှတ်ထားသော အောက်ဖော်ပြပါ အာမခံကြေးများကို ငွေသားဖြင့် ပေးသွင်းရမည်-

(က) အပိုင်း (၁၁) တွင် ဖော်ပြထားသော အရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်ခြင်းအတွက် အခကြေးငွေများနှင့်စပ်လျဉ်းသည့် ပေးချေရမည့်တာဝန်တို့ကို ပြည့်မီစေရန်အတွက် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ ပေးသွင်းရသည့်အာမခံကြေး၊

(ခ) အိပ်ချိန်းဈေးကွက်တွင် စာရင်းရှင်းလင်းခြင်း၊ ငွေပေးချေခြင်းများနှင့် စပ်လျဉ်းသည့်တာဝန်များကို ပြည့်မီစေရန်အတွက် ပေးသွင်းရသည့်စာရင်းရှင်းရန်ပုံငွေ၊

(ဂ) ငွေပေးချေမှုအဆင်ပြေချောမွေ့စေရန်အတွက် အာမခံအပေါင်ပစ္စည်း၊

## အပိုင်း (၁၃) အာမခံကြေးများရွေးနုတ်ခွင့်ကို တောင်းဆိုနိုင်သည့် အခွင့်အရေးစသည်အား လွှဲပြောင်းခြင်းကို တားမြစ်ခြင်း

အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်သူပေးသွင်းရသည့်အာမခံကြေး၊ စာရင်းရှင်းလင်းရန်ပုံငွေ သို့မဟုတ် အာမခံအပေါင်ပစ္စည်းကိုရွေးနုတ်ရန် ယင်း၏အခွင့်အရေးအား အခြားအဖွဲ့အစည်းတစ်ခုခုသို့ အပေါင်ပေးအပ်နှံရန် ကမ်းလှမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့ပြုလုပ်ခွင့်မရှိစေရ။

## အပိုင်း (၁၄) ဈေးကွက်အထောက်အပံ့ပစ္စည်းများအသုံးပြုမှုနှင့်စပ်လျဉ်းသည့်တာဝန်

အိပ်ချိန်းသည် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ၏ အိပ်ချိန်းဈေးကွက်အထောက်အပံ့ပစ္စည်းအသုံးပြုမှုကြောင့် မည်သည့်ပျက်စီးဆုံးရှုံးမှုမျိုးကိုမဆို တမင်ဖြစ်စေ၊ အလွန်အမင်း ပေါ့လျော့မှုကြောင့်ဖြစ်စေ ဖြစ်ပေါ်ခြင်းမဟုတ်ပါက လျော်ကြေးပေးရန် တာဝန်မရှိစေရ။

## အပိုင်း (၁၅) အသိပေးအကြောင်းကြားရမည့်ကိစ္စရပ်များ

၁။ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အောက်ဖော်ပြပါဆောင်ရွက်မှုတစ်ခုခုကို ဆောင်ရွက်ခြင်းမပြုမီ အိပ်ချိန်းမှ သတ်မှတ်ထားသော နည်းလမ်းတစ်ခုခုဖြင့် အိပ်ချိန်းသို့ အကြောင်းကြားရမည်။

(က) (လုပ်ငန်းလိုင်စင်လျှောက်လွှာတင်သွင်းခြင်းကိစ္စရပ်အပါအဝင်) ဥပဒေ၊ ပုဒ်မ (၂၃)၊ ပုဒ်မခွဲ (က) မှ (ဂ) ပါ သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ဖျက်သိမ်းခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း၊

(ခ) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ ဖျက်သိမ်းရမည့် လုပ်ငန်းပေါင်းစည်းခြင်း သို့မဟုတ် ကော်ပိုရေးရှင်းအသစ်တည်ထောင်ရန် လုပ်ငန်းပေါင်းစည်းခြင်း၊

(ဂ) လူမွဲခံယူခြင်းလုပ်ငန်းစဉ်များနှင့် လုပ်ငန်းပေါင်းစည်းခြင်းတို့မှအပ အခြား အကြောင်းအရင်းတစ်ခုခုကြောင့် ဖျက်သိမ်းခြင်း၊

(ဃ) လုပ်ငန်းခွဲထွက်မှုကြောင့် အခြားစီးပွားရေးလုပ်ငန်းအားလုံး ကော်ပိုရေးရှင်း တစ်ခုထံ လွှဲပြောင်းခြင်း၊

(င) စီးပွားရေးလုပ်ငန်းအားလုံး လွှဲပြောင်းခြင်းနှင့်

(စ) အိပ်ချိန်းမှ သတ်မှတ်ထားသည့် အခြားကိစ္စရပ်များ။

## အပိုင်း (၁၆) အစီရင်ခံတင်ပြရမည့် ကိစ္စရပ်များ

အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူများသည် အိပ်ချိန်းမှ သတ်မှတ်ထားသော ယင်းကိစ္စရပ်အား မည်သည့်ကိစ္စရပ်တစ်ခုခုမဆို ပေါ်ပေါက်လာပါက အိပ်ချိန်းသို့ ချက်ချင်း အစီရင်ခံတင်ပြရမည်။

## အပိုင်း (၁၇) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူအား စုံစမ်းစစ်ဆေးခြင်း

အိပ်ချိန်းသည် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူထံ ယင်း၏စီးပွားရေးလုပ်ငန်း နှင့် ဘဏ္ဍာရေးဆိုင်ရာအစီအရင်ခံစာများ သို့မဟုတ် အထောက်အထားစာရွက်စာတမ်းများ သို့မဟုတ် စာအုပ်များ၊ စာရွက်စာတမ်းများ သို့မဟုတ် အိပ်ချိန်းဈေးကွက်လုပ်ငန်း ဆောင်ရွက် ရန်အတွက် လိုအပ်သည်ဟုယူဆသော အခြားကိစ္စရပ်များကိုတင်ပြရန် တောင်းဆိုနိုင်သည်။

## အပိုင်း (၁၈) အခြားအရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ၏အရာရှိများ သို့မဟုတ် ဝန်ထမ်းများမှ အမှာစာလက်ခံရရှိမှုကန့်သတ်ခြင်း

အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အခြားအရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်သူ၏ အရာရှိတစ်ဦး သို့မဟုတ် ဝန်ထမ်းတစ်ဦးဖြစ်ကြောင်းသိရှိထားစဉ်တွင် ဈေးကွက်၌ ယင်းအခြားအရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်သူ၏ အရာရှိတစ်ဦး

သို့မဟုတ် ဝန်ထမ်းတစ်ဦးထံမှ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းချရန် သို့မဟုတ် ဝယ်ယူရန်အမှာစာကို လက်ခံဆောင်ရွက်ခြင်းမပြုရ။ သို့ရာတွင် ယင်းအခြားအရောင်းအဝယ် ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူထံမှ သဘောတူညီချက်ရရှိပြီးဖြစ်ပါက အဆိုပါကိစ္စများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း ၄ အရောင်းအဝယ်ပြုလုပ်ခွင့်ကို စွန့်လွှတ်ခြင်း

### အပိုင်း (၁၉) အရောင်းအဝယ်ပြုလုပ်ခွင့်ကို စွန့်လွှတ်ခြင်းအတွက် လျှောက်ထားခြင်း

၁။ အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာလုပ်ကိုင်ခွင့်အား စွန့်လွှတ်ရန်ရည်ရွယ်သော အရောင်း အဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ (နောင်တွင် "စွန့်လွှတ်ရန်လျှောက်ထားသူ" ဟု ရည်ညွှန်းမည်) သည် အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာလုပ်ကိုင်ခွင့်ကို စွန့်လွှတ်ခြင်းအတွက် အိပ်ချိန်းသို့ တင်ပြလျှောက်ထားရမည်။

၂။ စွန့်လွှတ်ရန်လျှောက်ထားသူသည် ယင်း၏ပေးချေရန်ရှိသည်များအားလုံးကို ရှင်းလင်းသည် အထိ ဆောင်ရွက်ရန်လိုအပ်သည်။ သို့ရာတွင် ပေးချေခြင်းမပြုရသေးသည်များကို ပေးချေရန် မလိုအပ်ဟု အိပ်ချိန်းမှ ယူဆသည့် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

### အပိုင်း (၂၀) စွန့်လွှတ်ရန်လျှောက်ထားသူ၏ ငွေချေးသက်သေခံလက်မှတ်အရောင်းအဝယ် ပြုလုပ်ခြင်းစသည်များကို ဆိုင်းငံ့ခြင်းအတွက် ဆောင်ရွက်ခြင်း

အိပ်ချိန်းသည် အရောင်းအဝယ်ပြုလုပ်ခွင့်ကို စွန့်လွှတ်ရန် လျှောက်လွှာအားလက်ခံရရှိသောအခါ စွန့်လွှတ်ရန်လျှောက်ထားသူ၏ အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားရမည်ဖြစ်ပြီးနောက် လာမည့်ရုံးဖွင့်ရက်မှစ၍ (ရုံးပိတ်ရက်များဖြစ်ပါက သင့်လျော်သည့်နေ့ရက်များကို ရွေ့ဆိုင်းနိုင် သည်) သို့ရာတွင် အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားရန်မလိုပဟု အိပ်ချိန်းက ယူဆထား သည့်ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**အပိုင်း (၂၁)  အရောင်းအဝယ်ပြုလုပ်ခွင့်စွန့်လွှတ်ခြင်းအတွက် အတည်ပြုခြင်း**

အိပ်ချိန်းသည် အရောင်းအဝယ်ပြုလုပ်ခွင့်စွန့်လွှတ်ခြင်းအား အတည်ပြုနိုင်ရန်အတွက် အနာဂတ်နေ့ရက် တစ်ရက်ရက်ကိုသတ်မှတ်ပေးရမည်။

**အပိုင်း (၂၂)  အရောင်းအဝယ်ပြုလုပ်ခွင့်စွန့်လွှတ်ခြင်းအတွက် လုပ်ငန်းစဉ်များ**

၁။ အိပ်ချိန်းသည် အရောင်းအဝယ်ပြုလုပ်ခွင့်စွန့်လွှတ်သူ၏ အောက်ဖော်ပြပါရန်ပုံငွေတို့ကို သတ်မှတ်ကာလအတွင်း ပြန်လည်ထုတ်ပေးရမည်။ သို့ရာတွင် အိပ်ချိန်းမှ အဆိုပါဆိုင်းငံ့သည့် အကြောင်းအရင်းများကိုရှင်းလင်းသည်အထိ ဆိုင်းငံ့ထားရန်လိုအပ်သည်ဟုယူဆပါက ရန်ပုံငွေများ ပြန်လည်ထုတ်ပေးခြင်းကို ဆိုင်းငံ့နိုင်သည်။

(က) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ ပေးသွင်းရမည့်အာမခံကြေးကို အရောင်းအဝယ်ပြုလုပ်ခွင့်စွန့်လွှတ်သည့် နေ့ရက်မှစ၍ (၂) လတိတိ

(ခ) စာရင်းရှင်းလင်းခြင်းဆိုင်ရာရန်ပုံငွေများနှင့် အပေါင်ပစ္စည်းကို အရောင်းအဝယ်ပြုလုပ်ခွင့် စွန့်လွှတ်သည့်နေ့မှစ၍

၂။ ယင်း၏ အရောင်းအဝယ်ပြုလုပ်ခွင့်စွန့်လွှတ်ခြင်းကို ပြုလုပ်မည့် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အိပ်ချိန်းမှ သတ်မှတ်ထားသည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရမည်။

**အခန်း ၅  အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူနှင့်စပ်လျဉ်းသည့် စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာလုပ်ဆောင်ခြင်းနှင့် လိုက်နာရမည့်စည်းမျဉ်းများ**

**အပိုင်း (၂၃)  အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူနှင့်စပ်လျဉ်းသည့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာနည်းလမ်းအရ အရေးယူဆောင်ရွက်မှုများ**

၁။ အိပ်ချိန်းသည် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူတစ်ဦးအား အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ခဲ့သည်ဟု ယူဆပါက ကြားနာစစ်ဆေးခြင်းကို ဆောင်ရွက်နိုင်ပြီး ယှဉ်တွဲဖော်ပြထားသည့် စည်းကမ်းထိန်းသိမ်းရေးနည်းလမ်းများအရ အရေးယူဆောင်ရွက်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (နောင်တွင် “ကော်မရှင်” ဟု ရည်ညွှန်းမည်) ၏ အတည်ပြုချက်ဖြင့်ဆောင်ရွက်နိုင်သည်။

(က) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် ယင်း၏ အရောင်းအဝယ်ပြုလုပ်ခွင့်ကို မမှန်ကန်သောနည်းလမ်းဖြင့် ရယူခဲ့ပါက အရောင်းအဝယ်ပြုလုပ်ခွင့်ကို ရုပ်သိမ်းခြင်း

(ခ) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် ငွေပေးချေမှုပြုလုပ်နိုင်စွမ်းမရှိသည့်အပြင် ငွေအပြည့်အဝပေးချေရန် မလွယ်ကူသည့် အခြေအနေတွင်ရှိပါက အရောင်းအဝယ်ပြုလုပ်ခွင့်ကို ရုပ်သိမ်းခြင်း

(ဂ) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အိပ်ချိန်းဈေးကွက်တွင် ငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်းသည့် သဘောတူညီချက်ကို လိုက်နာရန် ပျက်ကွက်ပါက အိပ်ချိန်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းအား (၆) လအထိ ရပ်ဆိုင်းခြင်း သို့မဟုတ် ကန့်သတ်ခြင်း

(ဃ) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အိပ်ချိန်းမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် အာမခံကြေးအား အပ်နှံရန် သို့မဟုတ် ပေးသွင်းရန် ပျက်ကွက်ခဲ့ ပါက အိပ်ချိန်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းအား (၆) လအထိ ရပ်ဆိုင်းခြင်း သို့မဟုတ် ကန့်သတ်ခြင်း သို့မဟုတ် အရောင်းအဝယ်ပြုလုပ်ခွင့်အား ရုပ်သိမ်းခြင်း

(င) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အပိုင်း (၁၇) အရ ဆောင်ရွက်သည့် စစ်ဆေးမှုကို ပူးပေါင်းပါဝင်ရန် ငြင်းဆန်ခြင်း သို့မဟုတ် တားမြစ်ခြင်း သို့မဟုတ် ရှောင်လွှဲခြင်း၊ သတ်မှတ်ထားသည့် အထောက်အထားများနှင့် အစီရင်ခံစာ

များကို တင်ပြရန် ပျက်ကွက်ခြင်း၊ မမှန်ကန်သော အထောက်အထားများနှင့် အစီရင်ခံစာများတင်ပြခြင်း၊ သို့မဟုတ် အပိုင်း (၂၈)၊ အပိုဒ် (၂) အရ ဆောင်ရွက်သော စုံစမ်းစစ်ဆေးခြင်းကို ပူးပေါင်းပါဝင်ရန် ငြင်းဆန်ခြင်း သို့မဟုတ် တားမြစ်ခြင်း သို့မဟုတ် ရှောင်လွှဲခြင်းတို့ပြုလုပ်ပါက ကျပ် (၂၅၀,၀၀၀,၀၀၀) အထိ မပိုသည့် ဒဏ်ငွေချမှတ်ခြင်း၊ သတိပေးစာထုတ်ပြန်ခြင်း သို့မဟုတ် အိပ်ချိန်း ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းအား (၆) လအထိ ရပ်ဆိုင်းခြင်း သို့မဟုတ် အရောင်းအဝယ်ပြုလုပ်ခွင့်အား ရပ်သိမ်းခြင်း

(စ) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် အပိုင်း (၁၅) တွင် သတ်မှတ်ထားသည့် အသိပေးအကြောင်းကြားရမည့်ကိစ္စရပ်များကို ပျက်ကွက်ခြင်း သို့မဟုတ် အပိုင်း (၁၆) တွင် သတ်မှတ်ထားသည့် အစီရင်ခံတင်ပြရမည့်ကိစ္စရပ်များကို ပျက်ကွက်ခြင်း သို့မဟုတ် မမှန်ကန်သော အသိပေးကြောင်းကြားချက်နှင့် အစီရင်ခံစာတင်ပြချက်တို့ကို ပြုလုပ်သည့်အခါ ကျပ် (၂၅၀,၀၀၀,၀၀၀) အထိ ဒဏ်ငွေချမှတ်ခြင်း၊ သတိပေးစာထုတ်ပြန်ခြင်း သို့မဟုတ် အိပ်ချိန်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းအား (၆) လအထိ ရပ်ဆိုင်းခြင်း သို့မဟုတ် အရောင်းအဝယ်ပြုလုပ်ခွင့်အားရပ်သိမ်းခြင်း

(ဆ) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် ဥပဒေများနှင့် စည်းမျဉ်းများကို ချိုးဖောက်ခြင်း၊ ဥပဒေများနှင့်စည်းမျဉ်းများအရ ချမှတ်ကျင့်သုံးသည့် စီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များ သို့မဟုတ် အိပ်ချိန်း၏ အခြားနည်းဥပဒေများ သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူဆောင်ရွက်ထားရှိမှုများကို ချိုးဖောက်သည့် အခြားကိစ္စရပ်များ သို့မဟုတ် တရားမျှတ၍ ဘက်လိုက်မှုကင်းသော အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို ချိုးဖောက်သည့် ဆောင်ရွက်ချက်တစ်ခုခုကို ပြုလုပ်ပါက ကျပ် (၂၅၀,၀၀၀,၀၀၀) အထိ ဒဏ်ငွေ ချမှတ်ခြင်း၊ သတိပေးစာထုတ်ပြန်ခြင်း သို့မဟုတ် အိပ်ချိန်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်

ခြင်းအား (၆) လအထိ ရပ်ဆိုင်းခြင်း သို့မဟုတ် အရောင်းအဝယ် ပြုလုပ်ပိုင်ခွင့် ရုပ်သိမ်းခြင်း

၂။ အထက်အပိုဒ်တွင်ဖော်ပြထားသည့်ပြဋ္ဌာန်းချက်များပါ စည်းကမ်းထိန်းသိမ်းရေးနည်းလမ်းများအရ အရေးယူဆောင်ရွက်သည့်အခါ အိပ်ချိန်းသည် အောက်ပါ အရေးယူဆောင်ရွက်မှုများကို ပူးတွဲ ဆောင်ရွက်နိုင်သည်။

(က) ဒဏ်ငွေချမှတ်ခြင်း

(ခ) အောက်ပါတို့အနက်မှ တစ်ခုခု-

(ကက) အိပ်ချိန်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းအား ရပ်ဆိုင်းခြင်း သို့မဟုတ် ကန့်သတ်ခြင်း သို့မဟုတ်

(ခခ) သတိပေးစာထုတ်ပြန်ခြင်း

**အပိုင်း (၂၄) အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူနှင့်စပ်လျဉ်းသည့် လိုက်နာရမည့်စည်းမျဉ်းများ**

၁။ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူတစ်ဦးအား အောက်ပါအချက်များအနက် တစ်ခုခု ပေါ်ပေါက်လာသည်ဟု ယူဆပါက ကြားနာစစ်ဆေးခြင်းနှင့် ခုခံချေပခြင်း ပြုလုပ်ပြီးနောက် အိပ်ချိန်းသည် အရောင်းအဝယ်ပြုလုပ်ခြင်းအား ရပ်ဆိုင်းခြင်း သို့မဟုတ် အခြားအရေးယူဆောင်ရွက်ခြင်းတို့ကိုပြုလုပ်နိုင်သည်။

(က) အရောင်းအဝယ်ပြုလုပ်ခြင်းတွင်ပါဝင်ဆောင်ရွက်သူသည် အပိုင်း (၉) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ထားသော အခြားအဖွဲ့အစည်း သို့မဟုတ် ယင်း၏ ဒါရိုက်တာနှင့် ဖက်စပ် သို့မဟုတ် ထိန်းချုပ်ထားသည့်ဆက်နွှယ်မှုအား ပြောင်းလဲရန် တောင်းဆိုချက်ကို မလိုက်နာပါက

(ခ) အစုရှယ်ယာရှင်များအားလုံး၏ မဲပေးပိုင်ခွင့်တစ်ဝက်ကျော်အား အိပ်ချိန်းဈေးကွက်၏ ဆောင်ရွက်ချက်များအရ သင့်လျော်ခြင်းမရှိဟုမှတ်ယူနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးက ရယူပိုင်ဆိုင်လာမည့်အခြေအနေသို့ ရောက်ရှိလာပါက သို့မဟုတ် အရောင်းအဝယ်

ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် ယင်းသို့သော ပုဂ္ဂိုလ်၏ လက်အောက်ခံ ဖြစ်လာပါက

၂။ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူတစ်ဦးသည် အိပ်ချိန်းမှ သတ်မှတ်ထားသည့် အောက်ပါအချက်များဖြစ်ပေါ်ပါက ကြားနာစစ်ဆေးခြင်းနှင့် ခုခံချေပခြင်းပြုလုပ်ပြီးနောက် အိပ်ချိန်းသည် ရှင်းလင်းသည်အထိလုပ်ဆောင်ပြီးသည့်တိုင်အောင် ငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ်ပြုလုပ်ခြင်းအား ရပ်ဆိုင်းခြင်း သို့မဟုတ် ကန့်သတ်ခြင်းတို့ကို လုပ်ဆောင်နိုင်သည်။

(က) မတည်ရင်းနှီးငွေပမာဏသည် ကျပ် (၇,၀၀၀,၀၀၀,၀၀၀) အောက် လျော့နည်းသော အခါ

(ခ) ဘဏ္ဍာရေးအခြေအနေသည် သိသာထင်ရှားစွာ ယိုယွင်းမှု ဖြစ်နိုင်ချေရှိသည့်အခါ သို့မဟုတ် ဖြစ်လာသောအခါ သို့မဟုတ်

(ဂ) လုပ်ငန်းလုပ်ဆောင်မှုစနစ်ကိုအရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်သူတစ်ဦးအဖြစ် မသင့်လျော်သည်ကို တွေ့ရှိရသည့်အခါ

၃။ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် ငွေပေးချေမှုပြုလုပ်နိုင်ဖွယ်မရှိခြင်း သို့မဟုတ် ငွေပေးချေရန် မဖြစ်နိုင်ဟု ယူဆပါက ကြားနာစစ်ဆေးခြင်းနှင့် ခုခံချေပခြင်းတို့ကို ပြုလုပ် ပြီးနောက် အိပ်ချိန်းသည် ရှင်းလင်းသည်အထိ လုပ်ဆောင်ပြီးသည့်တိုင်အောင် ငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ်ပြုလုပ်ခြင်းအား ရပ်ဆိုင်းခြင်းကို လုပ်ဆောင်နိုင်သည်။

၄။ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူတစ်ဦးသည် အရောင်းအဝယ်ပြုလုပ်ခွင့်အား စွန့်လွှတ်ရန် လျှောက်ထားခြင်းမှအပ အပိုင်း (၁၅)၊ အချက် (၁) မှ (၅) အထိကို ဆောင်ရွက်ရန် အကြောင်းကြားလာပါက ကြားနာစစ်ဆေးခြင်းနှင့် ခုခံချေပခြင်းပြုလုပ်ပြီးနောက် အိပ်ချိန်းသည် ရှင်းလင်းသည်အထိ လုပ်ဆောင်ပြီးသည့်တိုင်အောင် ငွေချေးသက်သေခံလက်မှတ်များ အရောင်းအဝယ်ပြုလုပ်ခြင်းအား ရပ်ဆိုင်းခြင်းကို လုပ်ဆောင်နိုင်သည်။

၅။ အထက်ပါစာပိုဒ် (၂) ပါ ပြဋ္ဌာန်းချက်များအရ အိပ်ချိန်းဈေးကွက်တွင် ငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ်ပြုလုပ်ခြင်းအား ရပ်ဆိုင်းခံရသည့် အရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်သူသည် ပေးချေမှုမပြုလုပ်ရသေးသည့် အရောင်းအဝယ်များအတွက် စာရင်းရှင်းလင်းမှုများပြီးဆုံးသည်အထိ ငွေချေးသက်သေခံလက်မှတ်များကို အိပ်ချိန်း၏ အတည်ပြုချက်ဖြင့် အိပ်ချိန်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နိုင်သည်။

## အပိုင်း (၂၅) လိုက်နာရမည့်စည်းမျဉ်းများ

၁။ အထက်အပိုင်းပါပြဋ္ဌာန်းချက်များအရ အိပ်ချိန်းဈေးကွက်တွင် ငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ်ပြုလုပ်ခြင်းကို တိကျစွာသတ်မှတ်ထားခြင်းမရှိသော ကာလတစ်ခုအတွက် ရပ်ဆိုင်းခြင်းခံရသည့် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် စည်းမျဉ်းများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ပြီးကြောင်း ရှင်းလင်းထားသည့် အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ယင်းလိုက်နာရမည့်စည်းမျဉ်းများဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းကို ရုပ်သိမ်းပေးပါရန် လျှောက်ထားနိုင်သည်။

၂။ အိပ်ချိန်းသည် ယင်းလိုက်နာရမည့်စည်းမျဉ်းများဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းအား ရုပ်သိမ်းရန် သင့်လျော်သည်ဟု ယူဆပါက အထက်ပိုဒ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားခြင်းကို ခွင့်ပြုပေးရမည်။

၃။ အိပ်ချိန်းဈေးကွက်တွင် ငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ်ပြုလုပ်ခြင်းအား တိကျစွာသတ်မှတ်ထားခြင်းမရှိသော ကာလတစ်ခုအတွက် ရပ်ဆိုင်းခြင်းခံခဲ့ရသည့် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် လိုက်နာရမည့်စည်းမျဉ်းများစတင်သည့်နေ့မှစ၍ တစ်နှစ်အတွင်း အထက်အပိုဒ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုချက်ရရှိရန်မစွမ်းဆောင်နိုင်ပါက အိပ်ချိန်းသည် ယင်း၏ အရောင်းအဝယ်ပြုလုပ်ခွင့်ကို ရုပ်သိမ်းနိုင်သည်။

**အပိုင်း (၂၆) စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာနည်းလမ်းအရ ဆောင်ရွက်မှုများ သို့မဟုတ် လိုက်နာရမည့်စည်းမျဉ်းများနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာတင်သွင်းခြင်း**

အပိုင်း (၂၃) နှင့် အပိုင်း (၂၄) တို့၏ ကြားနာမှုတို့ကိုဆောင်ရွက်ရာတွင် အပိုင်း (၉)၊ စာပိုဒ်ခွဲ (၁) နှင့် (၂) တို့ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အပိုင်း (၂၃) ၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများအရ ဆောင်ရွက်မှုများနှင့် အပိုင်း (၂၄) ၏ လိုက်နာရမည့်စည်းမျဉ်းများဆိုင်ရာ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရာတွင် အပိုင်း (၉)၊ စာပိုဒ်ခွဲ (၃) နှင့် (၄) တို့ပါ ပြဋ္ဌာန်းချက်များကို ဆီလျော်သည့်အတိုင်း သင့်လျော်သလို အသုံးပြုရမည်။

**အပိုင်း (၂၇) စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် အရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်သူနှင့်စပ်လျဉ်းသည့် လိုက်နာရမည့်စည်းမျဉ်းများ**

အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူသည် ဥပဒေ၊ စည်းမျဉ်းတို့တွင် အခြေခံသည့် စီမံခန့်ခွဲရေးနည်းလမ်းများအရ ယင်း၏ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ရပ်ဆိုင်းခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်းစသည့် အရေးယူဆောင်ရွက်မှုကို ပြုလုပ်ခံရသည့်အခါ အိပ်ချိန်းသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းအဖြစ် အိပ်ချိန်းဈေးကွက်တွင် ယင်းအရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ၏ ငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ်ပြုလုပ်ခြင်းအား ရပ်ဆိုင်းခြင်း သို့မဟုတ် ကန့်သတ်ခြင်း သို့မဟုတ် ယင်း၏အရောင်းအဝယ်ပြုလုပ်ခွင့်ကို ရုပ်သိမ်းခြင်း ပြုလုပ်ရမည်။

**အခန်း ၆ အနုညာတစီရင်ဆုံးဖြတ်ခြင်း**

**အပိုင်း (၂၈) အနုညာတစီရင်ဆုံးဖြတ်ခြင်း**

၁။ အငြင်းပွားမှုတစ်ခုတွင်ပါဝင်သည့် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသည့် ပါဝင်ဆောင်ရွက်သူများအကြားဖြစ်ပွားသော အငြင်းပွားမှုကို အိပ်ချိန်းက ဖြေရှင်းပေးရန် အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူတစ်ဦးက အိပ်

ချိန်းသို့ လျှောက်ထားတောင်းဆိုပါက အိပ်ချိန်းသည် ယင်းကသတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းများနှင့်အညီ စစ်ဆေးဆုံးဖြတ်နိုင်သည်။ သို့ရာတွင် အငြင်းပွားမှုတွင် ပါဝင်သူတစ်ဦးက အငြင်းပွားမှုကို စီရင်ဆုံးဖြတ်ရာတွင် ပူးပေါင်းပါဝင်ရန် ငြင်းဆိုခဲ့လျှင်သော်လည်းကောင်း၊ မလျော်မကန်သော ရည်ရွယ်ချက်ဖြင့် စီရင်ဆုံးဖြတ်ခြင်းပြုရန် ရည်ရွယ်ချက်ရှိရှိ တောင်းခံခဲ့လျှင်သော်လည်းကောင်း အငြင်းပွားမှု သဘောသဘာဝအရ ယင်းအငြင်းပွားမှုကို ဖြေရှင်းပေးရန် သင့်လျော်မှုမရှိဟု ယူဆပါက အိပ်ချိန်းသည် အငြင်းပွားမှုကို စစ်ဆေးဆုံးဖြတ်ခြင်းမပြုရန် ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။

၂။ အိပ်ချိန်းသည် အငြင်းပွားမှုတစ်ခုကို အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် စစ်ဆေးဆုံးဖြတ်သည့်အခါ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် အငြင်းပွားမှုအတွက် လိုအပ်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတွင်ပါဝင်သည့် အရောင်းအဝယ်ပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်သူများအား စစ်ဆေးနိုင်သည်။

၃။ အနုညာတစီရင်ဆုံးဖြတ်ခြင်းအား တောင်းဆိုသည့်လုပ်ငန်းစဉ်၊ အနုညာတစီရင်ဆုံးဖြတ်မည့် နည်းလမ်းနှင့် ယင်းတို့နှင့်စပ်လျဉ်းသည့် အခြားလိုအပ်သော ကိစ္စရပ်များကို အိပ်ချိန်းမှ သီးခြား သတ်မှတ်ဖော်ပြရမည်။

## အခန်း ၇ အထွေထွေပြဋ္ဌာန်းချက်များ

## အပိုင်း (၂၉) အခြားလိုအပ်သောကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်များ

အိပ်ချိန်းသည် ဤလုပ်ငန်းစည်းမျဉ်းများတွင် သတ်မှတ်ထားသောကိစ္စရပ်များမှအပ အိပ်ချိန်းဈေးကွက်၏လုပ်ငန်းဆောင်ရွက်ချက်များကို အဆောတလျှင်ဆောင်ရွက်ရန်လိုအပ်သည်ဟု ယူဆသည့်ကိစ္စရပ်များ၌ အရောင်းအဝယ်ပြုလုပ်ရာတွင်ပါဝင်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လိုအပ်ပြီး သင့်လျော်သည့် လုပ်ငန်းစည်းမျဉ်းများကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

## အပိုင်း (၃၀) အခြားပြဋ္ဌာန်းချက်

အိပ်ချိန်းသည် ဤလုပ်ငန်းစည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များအပြင် အိပ်ချိန်းဈေးကွက်လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်ဟု ထင်မြင်ယူဆသော အရေးယူဆောင်ရွက်ချက်များကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

## ဖြည့်စွက်ပြဋ္ဌာန်းချက်

ဤလုပ်ငန်းစည်းမျဉ်းများကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။